**ဒေါ်ခင်ကြည် – ဖောင်ဒေးရှင်း**

အမှတ် (၅၄/၅၆)၊ တက္ကသိုလ်ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။

၁၅ရက်ဩဂုတ်လ၂၀၁၇ခုနှစ်

ဒေါ်အောင်ဆန်းစုကြည်

ဥက္ကဋ္ဌ
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း

**အကြောင်းအရာ -၂၀၁၇ခုနှစ်ဇူလိုင်လအတွက်ရွေ့လျားစာကြည့်တိုက်တိုးတက်မှုအစီရင်ခံစာ**

၂၀၁၇ခုနှစ် ဇူလိုင်လအတွက် **ကော့မှူး၊ နေပြည်တော်၊ ကလော ၊နတ်မောက်၊ မြောင်းမြနှင့် အင်းစိန်**တို့တွင် ကျွန်ုပ်တို့၏ ရွေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု တိုးတက်မှုအစီရင်ခံစာကို တင်ပြရခြင်းအတွက် ကျွန်ုပ်အနေဖြင့် ကျေနပ်ဝမ်းမြောက်ပါသည်။

## I. ကော့မှူးရွေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

### I.A အသင်းဝင်

ဇူလိုင်လကုန်အထိအသင်းဝင် (၁၈,၆၃၁) ဦးဖြစ်ပါသည်။
အသင်းဝင်နှုန်းထားသည်၂၀၁၇ခုနှစ် ဇွန်လမှနှုန်းထားနှင့်အတူတူဖြစ်သည်။

### I.B စာအုပ်ငှားရမ်းမှု

လက်ရှိတွင်ကော့မှူး၌ စာအုပ်စုစုပေါင်း (၂၄,၂၇၇)အုပ်ကို စာရင်းပြုစုထားရှိပြီးငှားရမ်းလည်ပတ်လျက်ရှိပါသည်။၂၀၁၇ ဇူလိုင်လအတွင်း စာအုပ်ငှားရမ်းမှုမှာ (၅,၁၁၁) ကြိမ် ဖြစ်ပါသည်။ ထို့ကြောင့် ကော့မှူးတွင်၂၀၁၇ဇွန်လနှင့် နှိုင်းစာပါက ဇူလိုင်လအတွင်း စာအုပ်ငှားရမ်းမှုမှာ (၁၀)% တိုးတက်မှုရှိပါသည်။ ကော့မှူးတွင် လုပ်ငန်းစတင်လည်ပတ်သော ၂၀၁၃ခုနှစ် ဇူလိုင်လ မှ ၂၀၁၇ခုနှစ် ဇူလိုင်လအထိ (၄နှစ်အတွင်း) စာအုပ်ငှားရမ်းမှုစုစုပေါင်း (၃၆၀,၄၂၉)ကြိမ်အထိရှိခဲ့ပါသည်။

တစ်လလျှင်စာအုပ်ငှားရမ်းလည်ပတ်မှု ပျမ်းမျှအရေအတွက်မှာ (၇,၄၀၂.၄၆)ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် (၁၅)ကြိမ်ခန့် ပျှမ်းမျှခြင်းအားဖြင့် ငှားရမ်းလည်ပတ်မှုရှိပါသည်။

အောက်ပါဇယားသည် ကော့မှူးရွှေ့လျားစာကြည့်တိုက်၏ လောလောဆယ်လှည့်လည်ရောက်ရှိနေသည့် ကျေးရွာ အရေအတွက်ဖြစ်ပါသည်။

| *လက်ရှိကျေးရွာများ*MBL - ကော့မှူး | |
|---|---|
| MBL - ဘတ်စ် ၁ | ၂၀ ရွာ |
| MBL -ဘတ်စ် ၂ | ၁၄ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၆ရွာ |
| ကျေးရွာစုစုပေါင်း | ၅၀ ရွာ |

## II.နေပြည်တော်ရွှေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

### II.A အသင်းဝင်

နေပြည်တော်တွင်၂၀၁၇ခုနှစ် ဇူလိုင်လကုန်အထိ (၁၃,၉၇၀) ဦး အသင်းဝင်ရှိပါသည်။

### II.B စာအုပ်ငှားရမ်းမှု

နေပြည်တော်ရုံးတွင် စာအုပ်(၂၀,၂၇၄)အုပ်ကို ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ ဇူလိုင်လအတွက် စာအုပ်ငှားရမ်းမှုအကြိမ်မှာ (၂၇၄၈)ကြိမ်ဖြစ်ပါသည်။ ထို့ကြောင့်၂၀၁၇ဇွန်လနှင့်စာပါက ဇူလိုင်လအတွင်း စာအုပ်ငှားရမ်းမှုမှာ(၂၆)% တိုးတက်မှုရှိပါသည်။

နေပြည်တော်လုပ်ငန်း စတင်လည်ပတ်သည့်မှ ၄၁ လအတွင်း စာအုပ်ငှားရမ်းမှုအကြိမ် စုစုပေါင်း(၃၀၄,၃၀၂) ရှိပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ ငှားရမ်းမှုအရေအတွက်မှာ (၇,၃၅၄.၉၈)ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၁၅ကြိမ် ငှားရမ်းလည်ပတ်မှုရှိပါသည်။

နေပြည်တော်ရွှေ့လျားစာကြည့်တိုက်မှ ယခုလက်ရှိဝန်ဆောင်မှုပေးလျှက်ရှိသည့် ကျေးရွာအရေအတွက်ကို အောက်တွင်ဖော်ပြ ထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - နေပြည်တော် | |
|---|---|
| နေပြည်တော် | ၂၅ရွာ |
| ပျဉ်းမနား | ၂၀ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၅ရွာ |
| ကျေးရွာစုစုပေါင်း | ၆၀ရွာ |

## III.ကလောရွှေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

စာအုပ်(၁၂,၈၉၁)အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ စာကြည့်တိုက်များ၊ ရပ်ရွာထဲရှိ အများပြည်သူစုဝေးရာနေရာများ၊ ဘဏ်များနှင့်ရုံးများအပါအဝင် နေရာ၅၀သို့ လှည့်လည်ရောက်ရှိနေပါသည်။ ရွှေ့လျားစာကြည့်တိုက်ဘတ်စ်ကားများသည် ညောင်ရွှေ၊ ပင်းတယနှင့် ရွာငံမြို့နယ်များသို့လည်း ရောက်ရှိဝန်ဆောင်မှု ပေးလျှက်ရှိပါသည်။

### III.A အသင်းဝင်

ကလောတွင်၂၀၁၇ခုနှစ်ဖွန်လကုန်အထိ(၁၂,၂၄၈) ဦး အသင်းဝင်ရှိပါသည်။

### III.B စာအုပ်ငှားရမ်းမှု

ဇူလိုင်လအတွက် စာအုပ်ငှားရမ်းမှုမှာ (၆၅၃၀)ကြိမ်ဖြစ်ပါသည်။ ထို့ကြောင့်၂၀၁၇မတ်လနှင့်စာပါက ဇူလိုင်လအတွင်း စာအုပ်ငှားရမ်းမှုမှာ(၁၀) % တိုးတက်မှုရှိပါသည်။

၂၀၁၅ ဖေဖော်ဝါရီလ မှ ၂၀၁၇ ဇူလိုင်လအထိ (၃၀လအတွင်း) စုစုပေါင်းစာအုပ် (၁၁၇,၉၉၉)ကို ငှားရမ်းခဲ့ရပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှစာအုပ်ငှားရမ်းမှု ကြိမ်ရေမှာ(၃,၇၁၅.၆၃)ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၉.၁၅ကြိမ် ငှားရမ်းလည်ပတ်မှုရှိပါသည်။

ကလောမှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှုဆောင်ရွက်နေသော ကျေးရွာအရေအတွက်ကို အောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - ကလော | |
|---|---|
| MBL - ဘတ်စ် ၁ | ၁၈ရွာ |
| MBL - ဘတ်စ် ၂ | ၁၄ရွာ |
| ထပ်ဆင့်ငွေးဌာနခွဲ | ၁၈ရွာ |
| ရွာစုစုပေါင်း | ၅၀ ရွာ |

## IV.နတ်မောက်ရွှေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

၂၀၁၇ဇူလိုင်လတွင် နတ်မောက်၌ လုပ်ငန်းလည်ပတ်မှု ကောင်းမွန်နေပါသည်။ လက်ရှိတွင် နတ်မောက်၌ စာအုပ်စုစုပေါင်း(၁၁,၇၅၄)ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက် ရှိပါသည်။

## IV.A အသင်းဝင်

နတ်မောက်တွင် ၂၀၁၇ခုနှစ် ဇူလိုင်လကုန်အထိ (၁၀,၀၁၉) ဦးအသင်းဝင်ရှိပါသည်။ အသင်းဝင်နှုန်းထားသည် ၂၀၁၇ခုနှစ် ဇွန်လမှုနှုန်းထားနှင့် အတူတူဖြစ်ပါသည်။

## IV.B စာအုပ်ငှားရမ်းမှု

နတ်မောက် - ၃,၅၈၉ကြိမ်

၂၀၁၇ခုနှစ် ဇွန်လနှင့်နှိုင်းယှဥ်ပါကဇူလိုင်လအတွင်း စာအုပ်ငှားရမ်းမှုမှာ (၁၀)% တိုးတက်မှုရှိပါသည်။ ၂၀၁၅ခုနှစ် အောက်တိုဘာလ လုပ်ငန်းစတင်ချိန်မှစကာ (၂၄လအတွင်း) စုစုပေါင်းစာအုပ် (၇၅,၆၂၉)ကို ပြည်သူလူထုက ငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှုအကြိမ်ရေမှာ (၃,၀၀၁.၆၇)ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၆.၄ကြိမ် ငှားရမ်းလည်ပတ်မှု ရှိပါသည်။

နတ်မောက်မှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှုဆောင်ရွက်နေသောကျေးရွာအရေအတွက်ကိုအောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - နတ်မောက် | |
|---|---|
| MBL - ဘတ်စ် | ၂၆ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၅ရွာ |
| ကျေးရွာစုစုပေါင်း | ၃၁ ရွာ |

## V.မြောင်းမြရွှေလျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

၂၀၁၇ခုနှစ် ဇူလိုင်လတွင် မြောင်းမြ၌ လုပ်ငန်းလည်ပတ်မှုကောင်းမွန်နေပါသည်။ လက်ရှိတွင် မြောင်းမြ၌ စုစုပေါင်းစာအုပ် ၇,၉၄၆အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျက် ရှိပါသည်။

### V.A အသင်းဝင်

မြောင်းမြတွင် -၂၀၁၇ခုနှစ် ဇွန်လကုန်အထိ (၄,၇၄၄)ဦး အသင်းဝင်ရှိပါသည်။ ၂၀၁၇ခုနှစ်မေလနှင့်စာလျှင် ဇွန်လအတွင်း အဖွဲ့ဝင်(၁.၉)% တိုးလာပါသည်။ ကျွန်ုပ်တို့သည် မြောင်းမြတွင်ရပ်ရွာ၏ထောက်ပံ့ကူညီမှု အပြည့်အဝ ရရှိပါသည်။

### V.B စာအုပ်ငှားရမ်းမှု

မြောင်းမြ - (၃,၆၄၁)ကြိမ်

၂၀၁၇ ခုနှစ် ဇွန်လနှင့် နှိုင်းစာပါက ဇူလိုင်လအတွင်း စာအုပ်ငှားရမ်းမှုမှာ(၁.၃၆)% တိုးတက်မှု ရှိပါသည်။ လုပ်ငန်းစတင်သော ဖေဖော်ဝါရီ ၂၀၁၆မှစပြီး (၁၈-လအတွင်း) စုစုပေါင်းစာအုပ်(၅၇,၈၆၃)ကို လူထုကငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှစာအုပ်ငှားရမ်းမှု အကြိမ်ရေ(၃,၀၁၂.၃၃)ရှိပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၇.၂၈ကြိမ် ငှားရမ်းလည်ပတ်မှု ရှိပါသည်။

မြောင်းမြ မှလက်ရှိ စာအုပ်ငှားရမ်းလည်ပတ်မှု ဆောင်ရွက်နေသော ကျေးရွာအရေအတွက်ကို အောက်တွင် ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ* MBL - မြောင်းမြ | |
|---|---|
| MBL - ဘတ်စ် | ၂၁ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၀ရွာ |
| ကျေးရွာစုစုပေါင်း | ၃၁ရွာ |

## VI.အင်းစိန်ရွှေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

လက်ရှိတွင်အင်းစိန်၌ စာအုပ်(၁၁,၄၁၄)အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက် ရှိပါသည်။

### VI.A အသင်းဝင်

အင်းစိန် - (၁,၃၄၂၉)ဦး

၂၀၁၇ဖွန်လနှင့်စာလျှင် ဇူလိုင်လအတွင်း အဖွဲ့ဝင်(၁၄)%တိုးလာပါသည်။

### VI.B စာအုပ်ငှားရမ်းမှု

အင်းစိန် - (၅,၅၄၅) ကြိမ်

၂၀၁၇ခုနစ် မတ်လနှင့် နှိုင်းစာပါက ဇူလိုင်လအတွင်း စာအုပ်ငှားရမ်းမှုမှာ (၆၃)% တိုးတက်မှုရှိပါသည်။ လုပ်ငန်းစတင်သော ဩဂုတ်လ၂၀၁၆မှ စပြီး (တစ်နှစ်အတွင်း) စုစုပေါင်းစာအုပ် (၄၄,၂၇၇)ကို လူထုက ငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှု အကြိမ်ရေ(၃,၂၂၇.၆၇)ရှိပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၃.၈၇ကြိမ် ငှားရမ်းလည်ပတ်မှု ရှိပါသည်။

အင်းစိန် မှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှု ဆောင်ရွက်နေသော ကျေးရွာအရေအတွက်ကို အောက်တွင် ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - အင်းစိန် | |
|---|---|
| MBL - ဘတ်စ် | ၃၃နေရာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၅နေရာ |
| ကျေးရွာစုစုပေါင်း | ၃၈နေရာ |

၂၀၁၆ခုနှစ် ဇူလိုင်လမှ စပြီး လက်ရှိအဖွဲ့ဝင်ဦးရေ၊ ငှားရမ်းလည်ပတ်မှု နှုန်းထားတို့ကိုပြသည့် အောက်ပါဇယားကွက်များကို ကျေးဇူးပြုပြီးကြည့်ပါ။




MBL: Monthy Total Circulation Status at Various Centres for Past One Year
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein
9,000
8,000
7,000
6,000
5,000
4,000
3,000
2,000
1,000
-
July' 16
Aug' 16
Sep' 16
Oct' 16
Nov' 16
Dec' 16
Jan' 17
Feb' 17
Mar' 17
April' 17
May' 17
June' 17
July' 17


Accumulated Circulation Status at Various Centre
400,000
350,000
300,000
250,000
200,000
150,000
100,000
50,000
-
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein


Average Monthly Circulation Status
8,000.00
7,000.00
6,000.00
5,000.00
4,000.00
3,000.00
2,000.00
1,000.00
-
7,402.46
7,354.98
3,715.63
3,001.67
3,012.33
3,227.67
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein

## VII.အခြားလုပ်ငန်းများ

### VII.A .ကွန်ပျူတာသင်တန်းများ

အောက်ပါဇယားသည် အခြေခံအိုင်စီတီသင်တန်းကိုလက်ရှိတက်ရောက်နေသည့် သင်တန်းသားအရေအတွက်နှင့် သင်တန်းပြီးသွားသောသင်တန်းသားအရေအတွက် တို့ကိုဖော်ပြပါသည်။

ရွှေ့လျားစာကြည့်တိုက်များရှိကွန်ပျူတာသင်တန်းများ

| စဉ် | စာကြည့်တိုက် အမည် | လက်ရှိ အမှတ်စဉ် | စာရင်း သွင်း သင် တန်း သား | ပြီးခဲ့သောသင် တန်းအမှတ်စဉ် များ | တက် ရောက် သင် တန်း သား | သင်တန်း ပြီးမြောက် သူ အရေ အတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကော့မှူး | အမှတ်စဉ်-၂၀ | ၁၁၇၆ | အမှတ်စဉ်-၁၉ | ၁၁၇၆ | ၈၁၁ | အမှတ်စဉ်-၂၀ တက်ရောက်ဆဲ |
| ၂ | နေပြည်တော် | အမှတ်စဉ်-၄ | ၈၅ | အမှတ်စဉ်-၃ | ၈၅ | ၃၄ | အမှတ်စဉ်-၄ တက်ရောက်ဆဲ |
| ၃ | ကလော | အမှတ်စဉ်-၈ | ၂၄၁ | အမှတ်စဉ်-၇ | ၂၄၁ | ၁၉၆ | အမှတ်စဉ်-၈ ကို ဩဂုတ်လတွင်ဖွင့်လှစ်ပါမည်။ |
| ၄ | နတ်မောက် (Central) | အမှတ်စဉ်-၁၀ | ၁၈၄ | အမှတ်စဉ်-၉ | ၁၆၄ | ၁၅၃ | အမှတ်စဉ်- ၁၀ ကို ဩဂုတ်လတွင်ဖွင့်လှစ်ပါမည်။ |
| | နတ်မောက် (Myothit) | အမှတ်စဉ်-၇ | ၁၄၀ | အမှတ်စဉ်-၃ | ၁၄၀ | ၉၂ | အမှတ်စဉ်-၆နှင့် ၇တက်ရောက်ဆဲ |
| ၅ | မြောင်းမြ | အမှတ်စဉ်-၇ | ၂၄၃ | အမှတ်စဉ်-၅ | ၂၄၃ | ၁၉၀ | အမှတ်စဉ်-၇ တက်ရောက်ဆဲ |
| ၆ | အင်းစိန် | အမှတ်စဉ်-၃ | ၁၁၂ | အမှတ်စဉ်-၃ | ၁၁၂ | ၇၉ | |

## VII.B. ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

အသစ်ပြင်ဆင်ပြီးဖြစ်၍ လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်သော အင်းစိန်၊ မြောင်းမြ၊ နတ်မောက်၊ နေပြည်တော်နှင့် မြစ်ကြီးနားပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးများတွင် အာဇာနည်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကျင်းပခြင်းနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲများကျင်းပခြင်း၊ Mobile Information Literacy Training သင်တန်းပေးခြင်းတို့ကို ဆောင်ရွက်လျှက်ရှိပါသည်။

"အခြေခံ ကွန်ပျူတာသင်တန်းများကို ရွှေ့လျားစာကြည့်တိုက်များအားလုံးတွင် အခမဲ့သင်ကြားပေးလျှက်ရှိရာ စာကြည့်တိုက်လုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများကို စိတ်ပါဝင်စားသူများကလည်း စေတနာ့ဝန်ထမ်းအဖြစ် တစ်ပတ်လျှင် တစ်ရက် ရွှေ့လျားစာကြည့်တိုက်နှင့်လူထုအခြေပြုလုပ်ငန်းများ၊ အခမဲ့ဖွင့်လှစ်သင်ကြားပေးနေသော သင်တန်းများတွင် ကူညီဆောင်ရွက်လျှက်ရှိပါသည်။

## VII.C. လူထုအခြေပြုဗဟိုဌာန (Community Center) နှင့် ရွှေ့လျားစာကြည့်တိုက်များထပ်မံတိုးချဲ့နိုင်ရန်ဆောင်ရွက်ခြင်း

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်စီမံကိန်းက ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၊ ဧရာဝတီတိုင်း မြောင်းမြမြို့နယ်၊ မကွေးတိုင်း နတ်မောက်မြို့နယ်၊ နေပြည်တော် ပျဉ်းမနားမြို့နယ်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တို့တွင် ပြန်/ဆက်ဦးစီးဌာနနှင့်ပူးပေါင်းကာ လူထုအခြေပြုဗဟိုဌာန (Community Center) အဖြစ်အဆင့်မြှင့်တင် ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။

အခြားပြည်နယ်များနှင့်တိုင်းများတွင် လူထုအခြေပြုဗဟိုဌာန (Community Center) နှင့် ရွှေ့လျားစာကြည့်တိုက်များ ထပ်မံတိုးချဲ့နိုင်ရန်ဆောင်ရွက်လျှက်ရှိရာ မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တွင် ဩဂုတ်လအတွင်း ဖွင့်လှစ်သွားရန် လျာထားပြီး၊ ကရင်ပြည်နယ် ဖားအံမြို့နှင့် တနင်္သာရီတိုင်း ထားဝယ်မြို့တို့တွင် ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။

နိဂုံးချုပ်ရပါက ရွှေ့လျားစာကြည့်တိုက်စီမံကိန်းနှင့် လုပ်ငန်းလည်ပတ်ရာနေရာအားလုံးရှိ ယင်း၏အမျိုးမျိုးသော ပြုဖွယ်ဆောင်တာများကို ချောချောမွေ့မွေ့ အောင်အောင်မြင်မြင် ဆောင်ရွက်လည်ပတ်နေပါသည်။

လေးစားစွာဖြင့်

ဒေါက်တာသန့်သော်ကောင်း
အမှုဆောင်ကော်မတီအဖွဲ့ဝင်
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း